ကရုဏာဒေါသောလေသံမျိုးဖြစ်ကြောင်း အမှတ်ထားမိသည်၊ သူသည် ကျွန်တော့်အတွက် စိုးရိမ်ပူပန်၍ နေပါသလော။

"စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ရှိနေလို့ပါ"

ဟု ခပ်တိုးတိုး ပြန်ပြောဖြစ်ပါသည်။

"စိတ်အနှောင့်အယှက် ဟုတ်လား၊ ဘာတွေလဲ"

"ခင်စန်း သိမှာပါ"

သူသည် တခြားမိန်းကလေးတွေလို သိရက်သားနဲ့ မသိချင်ဟန်ဆောင်၍ 'တို့ မသိပါလား၊ ဘာကိုပါလိမ့်' ဟု မပြောချေ။ သူ့ ဝသီအတိုင်း ရိုးရိုးစင်းစင်း။

"တို့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေတာလား။ ဒါဆိုလည်း မေ့ထားလိုက်ပါလား"

"ခင်စန်းကြောင့်လို့ မဆိုလိုပါဘူး။ ခင်စန်းရဲ့ အဖြေကိုစောင့်မျှော်ရလို့ စိတ်ပင်ပန်းတာကို ပြောတာပါ။ ပြီးတော့လည်း ခင်စန်းကို မေ့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလေ၊ တို့ရဲ့နာမည်ကိုသာ တို့ မေ့ချင်မေ့မယ်၊ ခင်စန်းကိုတော့ ဘယ်တော့မှ မေ့လို့မရပါဘူး"

ဥသြငှက်အသံထက်ပင် ပို၍လွမ်းမောဖွယ် ကောင်းသောအသံဖြင့် ကျွန်တော်ပြောသည်။ သူ ကျွန်တော့်ကို လက်ခနဲကြည့်ပြီး မျက်လွှာပြန်ချသွားသည်။ ကျွန်တော့်စကား တာသွားသည် မသွားသည်ကို သေချာစွာမသိရ။ မှုထားမှန်သောလေသံကိုမှု သူ နားလည်တန်ကောင်းပါသည်၊

"တို့ကို အဖြေပေးပါတော့ ခင်စန်းရယ်၊ တို့စာမေးပွဲကို စိတ်ဖြောင့်ဖြောင့်ဖြေပါရစေ"

ခေါင်းငုံ့၍နေပြီ။ ဘာမျှမတုံ့ပြန်၊

လေသည် ထူးခြားစွာ ငြိမ်သက်နေ၏၊ လေရှူးကို ရှာမတွေ့။ အပင်





အားလုံးလှုပ်လှုပ်ရှားရှား မရှိချေ။ တကြည့်တိုက်ပညာဌာနအနီးရှိ ရေတမာပင်ခြေရင်းမှ မီးပုံငယ်ကလေးသည်သာ မီးခိုးငွေ့ တလူလူလွင့်လျက် ရှိ၏။ မြင့်မြင့်မားမား ရပ်နေသော ပင်လယ်ကဗွီးပင်၏ အရွက်ဖျားတို့ကို ကလူကျီစယ်သည်၊ အပင်ထိပ်ဖျားကား ဘယ်ညာ မယိမ်းမယိုင် ခိုင်မတ်လျက်။

"ဘယ်လိုလဲဟင်"

"တို့ အဲဒါတွေ မစဉ်းစားချင်သေးဘူး"

"ဘယ်တော့ကျမှ စဉ်းစားမှာလဲ"

"မသိဘူး"

မသိဘူးဆိုသည်မှာ သူ၏ လက်သုံးစကား ဖြစ်ဟန်တူသည်။ "တို့စောင့်နေရတာ မောလှပါပြီ" ဟု အားလျော့သော လေသံဖြင့် ပြောမိသည်။

"တို့ စဉ်းစားတဲ့အချိန်ထိ မစောင့်နိုင်တော့ဘူးလား"

သူ့အသံသည်လည်း တိုးညင်းလွန်းလှ၏၊ သို့ရာတွင် ကျွန်တော့်အတွက် အားတက်ဖွယ်စကား၊

"စောင့်တော့ စောင့်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ကျရင် ပေးမယ့်အဖြေက ဘယ်လိုမှန်းမှ မသိပဲ။ မရေရာဘူးလေ။ တကယ်လို့ ခေါင်းခါတဲ့အဖြေမျိုးဆိုရင် ဘယ်လိုလုပ်မလဲ"

သူဘာမျှ ပြန်မဖြေဘဲ ပြုံးနေသည်။ ကျွန်တော်ပင် စကားစသည်။

"တကယ်လို့ ခင်စန်း စဉ်းစားတဲ့အခါကျရင် တို့ကို ပထမဦးစားပေးအဖြစ် စဉ်းစားမလား"

ပြုံးရာမှ ရယ်သည်၊ "နိမိတ်ပြ မေးခွန်းတွေ မမေးနဲ့လေ" ဟု ရယ်ရင်းပြောသည်။ စကားကုန်ပြီဟု ယူဆနိုင်၏။ ဆက်လက်၍ မေးရန်မသင့်တော့။ သူလို မိန်းကလေးမျိုးအဖို့ ဒီလောက်ထိ အခွင့်အရေးပေးတာပဲ လွန်လှပြီဟု စိတ်ထဲက တွေးလိုက်သည်။

ဂင်းကဲခါ၊ ခြံထောင့်ရှိ ဇွယ်တော်ပင် စသည်တို့ကိုသာ သူ့ကိုယ်စား အလွမ်းပြေကြည့်ပြီး ပြန်ခဲ့ရသည်။

လွမ်းခြင်းကို အချိန်မရွေး၊ နေရာမရွေး ပြုလုပ်နိုင်ခွင့်ရှိသော်လည်း လွမ်းလို့ ကောင်းသော အခြေအနေမျိုးဆိုလျှင် တော်သေးသည်။ လေညင်းကလေးက သစ်ရွက်ကလေးတွေနှင့် စကားပြောနေသောအချိန်၊ မိုးစက်ပွင့်တို့က မြက်ပင်ကလေးများပေါ်မှာ တမ်းချင်းသီနေသောအချိန်၊ အိပ်ရာမှ နိုးခါစ နှင်းဆီပွင့်ကလေးသည် နှင်းရည်စက်တို့ဖြင့် မျက်နှာသစ်နေသော အချိန်ဆိုလျှင် လွမ်းလို့ ကောင်းလိမ့်မည်ထင်သည်။

ခုတော့

အပူငွေ့တို့ တရှိန်ရှိန် ပျံ့ထသော နွေညများတွင် ခွေးသံတို့ ရွံရွံစိုလျက် အိပ်ရာပေါ်၌ လူးလူးလှိမ့်လှိမ့်နေရင်း သူ့ကို တသသ တမ်းတနေရသည်မှာ ကြီးစွာသောဒုက္ခ။

လွမ်းရသည့်ပင် မသက်သာ၊ မလွတ်လပ်သော ကာလပင်တကား၊

သူ့ကို ပြောချင်ကာတွေ အများကြီး။ နေ့စဉ် နေ့တိုင်းပင် ပြောလိုစိတ်က ရှိနေသည်။ ပြောနိုင်ခွင့်တား မရချေ၊ ထိုအခါ မနေ့က စကားသည် ဒီမနေ့ထိ ကျန်နေသည်။ မနေ့ကနှင့် ဒီနေ့စကားတို့သည် နက်ဖြန်အထိ ပါလာဦးမည်။ ဖွင့်ဟခြင်းပရှိဘဲ ကပ်ပံ တိုးပွားလာသော စကားတို့သည် တစ်နေ့ပြီးတစ်နေ့ များပြားလာသည်။ ရင်နှင့် မဆံ့လောက်အောင် စုပြုံနေ၏၊ စိတ်ကူးထဲတွင်၊ အိပ်မက်ထဲတွင်သာ ပြောခွင့်ရနေသော အခြေအနေကို အားမရတော့။ အချစ်အကြောင်း အလွမ်းအကြောင်း၊ အကြင်နာအကြောင်း၊ ကံ့ကော်ပွင့်ကလေးတွေ၊ အင်းလျားကန်ရေယာ၊ သစ်ပုပ်ပင်ပေါ်မှ ဥဩမိသားစု စသည်တို့ကို ပေထက် အက္ခရာတင်မိသည်။ ထိုစာအပေါင်းစုတို့သည် ကဗျာကလေးတွေ ဖြစ်လာ၏၊ အချို့လည်း ဝတ္ထုငယ် အပိုင်းအစ





များ၊ အတတ်ပညာအားဖြင့် ပြောင်မြောက်သည် မပြောနိုင်သော်လည်း အသက်ဝင်လှသော အကြောင်းအရာတွေဖြစ်ကြောင်း သေချာသည်။

●

လပြည့်ဝန်း၏ အချစ်ဦးသည် ကန်ရေပြင်
နေမင်းကြီး၏ အချစ်ဦးသည် အရှေ့မိုးကောင်းကင်
ပန်းကလေး၏ အချစ်ဦးသည် ရွှေလိပ်ပြာ
မိုးစက်များ၏ အချစ်ဦးသည် မြေသင်းနံ့
နှင်းပွင့်များ၏ အချစ်ဦးသည် မြမြက်ခင်း
နွေသစ်ရွက်၏ အချစ်ဦးသည် ဥဩငှက်ကလေး
အကယ်၍ ဖြစ်ခဲ့လျှင်
အချစ်၏ အချစ်ဦးသည်
ငါ၏ မျက်လုံးများ ဖြစ်လိုပါ၏၊

●

ဒီနွေသည် ကျွန်တော့်ကို တစ်ခုခု ဖြစ်စေလိမ့်မည်၊

ရှေ့ဆက်သွားရမည့် လမ်းစကို ရှာဖွေမိသည်။ စာပေသမား ဖြစ်ရန် [illegible]ကားလိုစိတ် ပေါ်ပေါက်လာခြင်းပင် ဖြစ်လေသည်၊ စာပေဝါသနာကား [illegible] ရှိသည်မဟုတ်၊ ငယ်စဉ်ကပင် စာဖတ်အား ကောင်းခဲ့သည်။ စာတတ်ခါ [illegible]အရွယ် ပုံပြင်ကာတွန်းတွေ ဖတ်ခဲ့သည့်ကို အကျယ်မပြောလိုတော့ပါ။ ကျွန်တော် ငါးတန်းကျောင်းသားအဝတုန်းက "ဖတ်ဖိုက်" ရောဂါ ဖြစ်သည်၊ [illegible]များထဲတွင် တစ်လလောက် လဲနေသည်။ ဤသို့ နေရသည်ကို ပျင်းရိ[illegible]ငွေ့လာသောအခါ စာတွေဖတ်တော့သည်။ မှတ်မှတ်ရရ ကျွန်တော် [illegible]ဦးဆုံးဖတ်ဖူးသောဝတ္ထုမှာ ဆရာကြီးရွှေဥဒေါင်း၏ ဆုကြီးပန် ဖြစ်

မသိမသာ ကြည့်လိုက်ကြသည်။ ခင်စန်းသည် ကျွန်တော့်ရင်ဘတ်ဆီလော
ကို ဖျတ်ခနဲ ကြည့်လိုက်လိမ့်မည်ထင်သည်။ သူမျက်နှာပျက်သွားသလား
စုံစမ်းချင်သော်လည်း မကြည့်ရဲ။ ကိုယ့်ဘာသာ အမူအရာမပျက်အောင်
သတိထားနေရသည်။ ကျွန်ုပ်၏ ဂိတ်ထဲတွင် ရှုတ်ရှုတ်သဲသဲ ဖြစ်နေ
ချိန်မှာပင် သူတော်စိန် တစ်ခွန်းထသည်။

"ခင်စန်း၊ နင်ဘယ်သူ့ကိုမှ မကြိုက်နဲ့ဦးသိလား၊ ငါရှာပေးမယ်"

"ဘယ်သူလဲ၊ ဘယ်သူလဲ"

စုစုက စိတ်အားထက်သန်စွာ မေးသည်။

"ဟိုဟာလေ၊ အသားညိုညို၊ ခပ်သွယ်သွယ်"

ထိတ်ခနဲ ဖြစ်သွား၏။ ဒီကောင် သိများ သိနေပြီလား၊ ဒီကောင်က
ပါးစပ်စည်းကမ်းရှိတာ မဟုတ်။ ပြောချင်တာ စွတ်ရွတ်ပြောတတ်တာ
ခင်စန်းက "တော်စမ်းပါဟာ" ဟု ဝင်ဟန့်လိုက်သေးသည်။ မရ။

"တကယ်ပါ၊ နင်တို့ ဖယ်ရီကားထွက်သွားပြီဆိုရင် တွေတွေကြီးငေး
ကြည့်ပြီး ကျန်ရစ်ခဲ့တတ်တဲ့ ကောင်လေ"

ကျွန်တော်မပျက်စေရန် ဆေးလိပ်ကို ပါးစပ်မှာပြန်မြန်တပ်၍ မီးညှိ
လိုက်ရသည်။ ခင်စန်းကား မည်သို့ဖြစ်မည်နေမသိ၊ သူတော်စိန်...ကား
ဆက်၏၊

"အဲ၊ အဲဒီကောင်က ကျောကုန်းမှာ ဘုကြီးထွက်နေတာ တစ်ခုပဲ
ပြောစရာရှိတယ်"

ဟင်း၊ တော်ပါသေးရဲ့။ "သစ်ပုပ်ပင်ကြီးကို ပြောတာ မဟုတ်လား"
အလျင်အမြန် ဝင်ပြောလိုက်ရသည်။ အားလုံးရယ်ကြသည်။ ကျွန်တော်ကား
ခုမှ လွတ်လပ်သွားသောကြောင့် သူများထက်ပို၍ ရယ်မိသည်၊ ကျွန်တော်ကြီး



PoemsCorner



သော ခင်ဝန်းပင်လျှင် ရယ်ရင်းက စုစု၏လက်မောင်းကို ဆွဲဆိတ်လိုက်သည်
ကို မြင်လိုက်ရ၏။

"အေး၊ ငါလည်း မိစုအတွက် ရှာထားတယ်"

ဂျူဒိုကလည်း တစ်မျိုး။

"ပြောစမ်းပါဦး"

"ငါတွေ့ထားတာမှ တကယ့်လူအစစ်"

"အေးကွ၊ ငါ ယင်တယ်"

သူတော်စိန်က အမှတ်ဝင်ယူနေသောကြောင့် ဝိုင်းဟောက်ထားလိုက်
ရသည်။ စုစုက သူတော်စိန်ကို မျက်စောင်းတစ်ချက် ထိုးသည်။

"တကယ် ပြောတာပါ။ အဲဒီလူက ဝိဇ္ဇာဆောင်က ကင်းကွ။ မသိတဲ့
လူ မရှိဘူး၊ ဘောင်းဘီတို ဝတ်တာတစ်ခုပဲ ပြောစရာရှိတယ်။ သူ့နာမည်
က အန်ထော်နီတဲ့"

ဝိုင်းဟားကြသည်။ စုစုက "အဲ့ဒါ ငါ့အတွက်မဟုတ်ဘူး၊ နင့်
နှမအတွက်" ဟု ပြန်ပြောသည်။ အန်ထော်နီဆိုသည်မှာ ဝိဇ္ဇာဆောင်က
အစောင့်ကုလားအဘိုးကြီး။

"ငါတို့ကျတော့ ပြောတယ်။ နင်တို့ကကော စွံသေးလို့လား"

စုစုက ပြန်မေးသည်။

"ဟ ငါ့ကို ကြိုက်မယ့်လူမှမရှိဘဲ၊ ပြီးတော့ ငါကလည်း အဲဒီဘက်မှာ
သိပ် သတ္တိနည်းတာဟ။ ဂျူဒိုဆိုတဲ့ကောင်ကလည်း လူတစ်ယောက်ကို တုံး
ခနဲနေအောင် ကိုင်ပေါက်နိုင်ပေမယ့် မိန်းကလေးတစ်ယောက်ကိုတော့
ကျအောင်လုပ်နိုင်တာ မဟုတ်ဘူး၊ ချိန်လိုက်ရင် ပါသွားတာချည်းပဲ"

"လူလတ် မင်းကကော"



PoemsCorner

|၁၆|

မိမိ မလုပ်ချင်ဘဲ လုပ်ရသောကိစ္စထဲတွင် စာမေးပွဲဖြေခြင်းလည်း ပါဝင်သည်။ သူငယ်တန်းမှစ၍ ယခု ကဏ္ဍသိုလ်နောက်ဆုံးနှစ်အထိ နှစ်စဉ်နှစ်တိုင်း ဖြေဆိုတာကြီးကို ငြီးငွေ့လှပြီ။ ယင်းသို့ ဆိုသောကြောင့် ပညာသင်ကြားရခြင်းကို စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ပြီဟု မဆိုလို။ ပညာရေး ခရီးကို ဆုံးခန်းတိုင်လိုစိတ် ဖြစ်ပေါ်လာခြင်းကိုသာ ရည်ရွယ်သည်၊ မြန်မြန်ပညာစုံမှ ခင်စန်းနှင့် မြန်မြန်နီးစပ်နိုင်မည်ဟု စိတ်၌ထင်သည်။

သို့ရာတွင် တကယ့်တတယ် စာမေးပွဲကို ဖြေဆိုရသောအခါတွင် အသိတစ်မျိုး ပြောင်းလဲလာခဲ့ပြန်၏၊ စာမေးပွဲဆိုသည်မှာ ခွဲခွာခြင်း၏ အထိမ်းအမှတ်ဖြစ်ကြောင်း သတိမပြုမိခဲ့ခြင်းပင် ဖြစ်လေသည်၊ ပျော်ရွှင်ဖွယ်ကောင်းသော ကျောင်းသားဘဝ၏ နောက်ဆုံးကာလကို ဖြတ်ကျော်နေရခြင်းဟု သိလာသည်၊ ခင်စန်းနှင့် ခွဲခွာ၍ နေကြရမည်လည်း တစ်ကြောင်း။

သူနှင့် ကျွန်တော်သည် ချစ်သူများ ဖြစ်ကြသည်မှန်၏။ သို့ရာတွင်

နတ်သမီး ◆ စာအုပ်တိုက်



နှစ်ပက်မိဘများကို အသိမပေးရသေး၊ လူကြီးတွေက လက်ခံ သဘောတူထားကြသူများ မဟုတ်သေး။

ကျောင်းမှာဆိုလျှင် အတန်းရှိနေချိန်နှင့် တနင်္ဂနွေနေ့မှအပ တွေ့နိုင်သည်။ အစဉ်သဖြင့် တပူးတွဲတွဲ၊ တက္ကသိုလ်နယ်မြေနှင့် အင်းလျားကန်ကို ခွဲခြား၍ မရသလို ကျွန်တော်တို့နှစ်ယောက်ကိုလည်း တကွဲတပြားစီ မြင်ရဖို့ မဖြစ်နိုင်။

ခုတော့မြင့်. . .

ကျွန်တော်တို့ ချစ်သူနှစ်ယောက်သည် နီးလျက်နှင့် ဝေးနေကြရလေပြီ၊ မှန်ပါသည်၊ ကျွန်တော်တို့နှစ်ယောက်မှာ ကစ်မြို့နယ်တည်းမှာ နေကြခြင်းဖြစ်သည်၊ သို့ရာတွင် တွေ့ဖို့ အခွင့်အလမ်း မသာ။ သူသည် အိမ်အပြင်သို့ အကြောင်းမရှိဘဲ ထွက်ဖို့မလွယ်ပါ။ အကြောင်းရှာဖို့လည်း မလွယ်ပါ။ အပြင်ထွက်ဖို့ အခွင့်သာသည်ပင်တား၊ သူ့အိမ်က တစ်ယောက်ယောက်တော့ အဖော်အဖြစ် ပါပေလိမ့်မည်၊

လူချင်း မတွေ့နိုင်သောအခါ စာအဆက်အသွယ်လုပ်ဖို့ ကြိုးစားရသည်၊ ကျွန်တော့်ဆီကိုတော့ စာတိုက်က ထည့်လိုက်လျှင် ဖြစ်သည်၊ သူ့ဆီစာရေးဖို့က ပြဿနာ။ သူတို့အိမ်ကို အဝင်အထွက်ရှိသူ တစ်ယောက်ယောက်ကို အကူအညီ တောင်းရမည်။

စုစုကို သတိရသော်လည်း သူက ကျွန်တော်နှင့် ခင်စန်းကို သဘောမတူကြောင်း ပြောသည်ဟု ခင်စန်းထံမှ ကြားဖူးသည်။ ကျွန်တော့်အနေဖြင့် ဆယ်တန်းတုန်းက မတည့်ကြဘဲ မကြာခဏ ရန်ဖြစ်ခဲ့ကြသည်ကို သင်ပုန်းချေပစ်နိုင်ပါသည်၊ သူ့ဘက်က ဘယ်လိုမှန်းမသိ၊ ကျွန်တော်က အကူအညီသွားတောင်းကာမှ သူက ငြင်းလိုက်လျှင် စကားအပတ်တင်နေမည်၊

ခင်စန်း သူငယ်ချင်း မဦးကို စဉ်းစားမိပြန်၏။ သူက ကန်တော်ကလေး

နတ်သမီး ◆ စာအုပ်တိုက်

ဆင်းတုတော်များ၊ ကျောင်းဆောင်များ၊ ပလ္လင်များရောင်းသည့်ဆိုင်၊ စိပ်ပုတီးဆိုင်၊ ဆင်စွယ်ပစ္စည်းဆိုင်၊ စာအုပ်ဆိုင် စသည်တို့ကို ကျော်လွန်လာသည်။ ခင်စန်းသည် လက်တစ်ဖက်က ဖိနပ်များကိုကိုင် ကျန်တစ်ဖက်က ကျွန်တော့် လက်မောင်းကို ကိုင်၍ အားပြုရင်းတက်သည်။ ကုန်းတော်ပေါ်သို့ ရောက်ခါနီးတွင် အမွှေးတိုင်နံ့၊ ပန်းပေါင်းနံ့များကို ရရှိလာသည်။

"ပန်းဝယ်ကြပါဦးရှင်၊ ဖိနပ်များလည်း ထားသွားနိုင်ပါတယ်"

ပန်းသည်တို့၏ အသံကို ကြားရသည်။ ခင်စန်းက ပန်းဝယ်ချင်တယ် ဆိုသောကြောင့် ဆိုင်တစ်ဆိုင်သို့ ဝင်သည်။

"အစုံတစ်ကျပ်ဖိုးလား အစ်မ"

ပန်းသည်က မေးသည်။

"နှစ်စည်းပေး၊ ကြာပန်းမထည့်နဲ့နော်"

ဟု ပြောပြီး ကျွန်တော့်ကို ပြုံး၍ ကြည့်သည်။ ကြာပန်းလှူလျှင် နိဗ္ဗာန်ဖို့ရာ 'ကြာ' တတ်သည်ဟု သူ ယုံကြည်ဟန် တူသည်။ ပန်းနှစ်စည်းကို ကျွန်တော့်အား လှမ်းပေးပြီး နောက်ဖယောင်းတိုင် ဝယ်ပြန်သည်။ တစ်ထုပ်နှင့် တစ်တိုင်၊ ပန်းဆိုင်မှာ ဖိနပ်အပ်ထားခဲ့ပြီး ရင်ပြင်တော်ပေါ် တက်လာခဲ့ကြသည်။

"အင်္ဂါထောင့်က ဘယ်နားမှာလဲ သူသိလား"

"မသိဘူး သွားရင်းနဲ့ တွေ့မှာပေါ့"

"လက်ျာရစ်ပတ်မယ်နော်။ ဘယ်လိုလဲ။ ဒီဘက် မဟုတ်လား"

သူသည် လမ်းလျှောက်နေရင်းက သူ ဝယ်ပေးထားသည့် လုံချည် အသစ်ကလေး ဝတ်ထားသော ကျွန်တော့်ကို အရိပ်တကြည့်ကြည့် ရှိနေလေသည်။ အရင်က ကျွန်တော့်မွေးနေ့များတွင် ဘာတစ်ခုမျှ မလုပ်ခဲ့ဖူးပါ။ အမှတ်တမဲ့ပင် နေခဲ့သည်။ ခုမှ သူက ကျွန်တော့်မွေးနေ့အတွက် ဘုရားကို

နတ်သမီး ◆ စာအုပ်တိုက်
PoemsCorner



သွားချင်သည်ဟု ပြော၍ လိုက်လာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် စိတ်ထဲက ထူးထူးခြားခြား ခံစားမှု တစ်ခုကို ကြုံတွေ့ရသည်။

"ဒီကပြန်ရင် သူ့အိမ်အတွက် မုန့်တစ်ခုခု ဝယ်သွားနော်၊ အိမ်ရောက်ရင် သူ့အဖေနဲ့အမေကို ကန်တော့ရမယ်သိလား၊ မွေးနေ့မှာ ပါတီပေးတာတို့ ဘာတို့ထက် မိဘကို ကန်တော့တာက ပိုပြီး အကျိုးရှိတယ်။ မွေးတဲ့နေ့က စပြီး နှစ်ပေါင်းများစွာ လုပ်ကျွေးလာခဲ့တဲ့ အဖေရယ်၊ ပြီးတော့ အမေ အထူးသဖြင့် အမေက ပိုအရေးကြီးတယ်သိလား၊ သူ စဉ်းစားကြည့်လေ၊ လွန်ခဲ့တဲ့ နှစ်ဆယ့်လေးနှစ်က ဒီနေ့မှာ သူ့အမေဟာ သူ့ကို မွေးခဲ့တာ မဟုတ်လား။ ကလေးမွေးတဲ့ မိခင်တစ်ယောက်ဟာ သက်စွန့်ဆံဖျား အလုပ်တစ်ခုကို လုပ်ရတာပဲ မဟုတ်လား။ 'ယောက်ျားဖောင်စီး' 'မိန်းမမီးနေ' တဲ့။ မီးဖွားတယ်ဆိုတာ သိပ်အန္တရာယ်များတာ၊ အဲဒီလို အသက်စွန့်ချင် စွန့်ရပလေစေ ဆိုပြီး သူ့ကို မွေးဖွားပေးခဲ့တဲ့ သူ့အမေရဲ့ ကျေးဇူးကို ခုလို မွေးနေ့မျိုးမှာ အထူး သတိရသင့်တယ်။ ဒါကြောင့်"

ခင်စန်းကို ကျွန်တော် လေးစားသွား၏။ သူသည် မိဘ၏ မေတ္တာတရားကို နားလည်သူဖြစ်သောကြောင့် သူမှ မွေးဖွားလာသော သားသမီးများကိုလည်း သွန်သင် ဆုံးမတတ်သော မိခင်တစ်ယောက် ဖြစ်လာပေလိမ့်မည်။

စကားတစ်ခွန်းကို ကျွန်တော် လွှတ်ခနဲ မေးဖြစ်သွား၏။

"ခင်စန်းက မိဘကို သိပ်ချစ်တာပဲနော်"

"ချစ်တာပေါ့"

"ဒါဆို မိဘစကားကို ဘယ်တော့ဖြစ်ဖြစ် နားထောင်မှာပဲလား"

"နှလုံးသားကိစ္စက လွဲရင်ပေါ့"

နတ်သမီး ◆ စာအုပ်တိုက်
PoemsCorner

"အင်း ရှိမယ်ထင်တယ်"

ဟု ကျွန်တော် ပြန်ဖြေသည်။ အင်းဝလမ်းဘက် ချိုးကွေ့၍ လျှောက်လာကြသည်။ ခုဏအကြာတွင် တကြည့်တိုက် အသစ်ကြီးကို အွာနေ မြင်လိုက်ရ၏။ အဆောက်အအုံမှာ ပြီးစီးလုနေပြီ။ အချောသပ်ဖို့သာ ကျန်တော့သည်ဟု ထင်၏။

စီးပွားရေးတက္ကသိုလ် စားသောက်တန်းဘက်သို့ သွားမည်ဟု ငါ တိုင်ကူးသည်။ ဝိဇ္ဇာဆောင်ဘက်သို့ လျှောက်ခဲ့ကြ၏။ မြက်ခင်းကို ဖြတ်လျှောက်မည် ကြံသော်လည်း လူသွားလမ်းတလေး သိပ်ထင်ထင်ရှားရှား မရှိတော့။ မိုး မကုန်တတ်သေးသောကြောင့် မြက်ပင်များ အုပ်ဆိုင်းနေခြင်းလော။ လမ်းကလေးကို အသုံးမပြုကြတော့၍လော မသိ။ ကတ္တရာလမ်းအတိုင်း ပင် ကွေ့သွားရသည်။ အခန်းအေ ၁၉ ကို အပြင်မှ လှမ်းမြင်ရသည်။ သူ့ကို လက်ကုတ်၍ ပြလိုက်သည်။

"ကိုယ်တို့ ကျောင်းမှာတုန်းက ထိုင်ခဲ့တဲ့ အခန်းလေ"

သူ အခန်းဆီသို့ တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ သူကတော့ ထိုအချိန်တွင် ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်သတိရနေမလားပဲ။ ကျွန်တော်ကမြင့် ဒဿနိကဗေဒဌာန ဘေးမှ ဖြတ်အသွားတွင် ကျောင်း တုန်းက သူငယ်ချင်းတွေ၊ ဆရာ/ဆရာမတွေကို သတိရမိသည်။

စားသောက်ဆိုင်တန်းတွင် ရွှေမန်းဆိုင်မှာ ထိုင်သည်။ သူက မုန့်တီ စား၍ ကျွန်တော်က ခေါက်ဆွဲသုပ် စားသည်။ စားပြီးတော့ သူ့အတွက် သံဘုးရည်၊ ကျွန်တော့်အတွက် လက်ဖက်ရည်။ ဆေးလိပ် သောက်ချင်လာ သောကြောင့် မီးခြစ်ကို ရှာသည်။ မတွေ့။ ဒေါ်သောင်းထမင်းဆိုင်မှာ မီး ထောင်ကို လှမ်းတွေ့လိုက်ရသည်။ သူသည် အရင်ကလို အတွဲတွေ လိုက် ချောင်းပြီး ကျွန်တော်တို့ကို ပြန်ပြောပြတတ်သော ချာတိတ်ကလေး မဟုတ်

နတ်သမီး ◆ စာအုပ်တိုက်
PoemsCorner



တော့။ သူတို့ဆိုင်ရှေ့က ကုလားထိုင်မှာ မျက်နှာထား မှုန်ကုပ်ကုပ် ထိုင်နေ သည်။ ကိုကျော်ကား အရင်လို လက်ဖက်ရည်ဆိုင်မဖွင့်တော့။ တရုတ် အစားအစာများ ရောင်းနေသည်ကို တွေ့ရသည်။ ခေါက်ဆွဲကြော်၊ ကြာဆံ ကြော်၊ ထမင်းကြော်၊ ထမင်းပေါင်း စသည်တို့။

"လူတွေ များလိုက်တာနော်။ တို့ရှိတုန်းက ကင်တင်းမှာ ဒီလောက် လူမရှုပ်ပါဘူး"

"ကျောင်းသား ကျောင်းသူတွေ ပိုများလာလို့လား မသိဘူး။ ပြီးတော့ ခုကျောင်းချိန်က မနက်ပိုင်းနဲ့ ညနေပိုင်း ခွဲတက်ရတယ်လို့ ပြောတယ်။ ဒါကြောင့် ကျောင်းအဆင်းနဲ့ ကောင်းအတက်ဆုံတဲ့အချိန်မို့ လူများလာတာ ထင်တယ်"

ကုလားကြီးဆိုင်မှာ ဆေးလိပ်သွားဝယ်သည်။ ပြန်လှည့်အထွက်တွင် တစ်စုံတစ်ယောက်နှင့် တိုက်မိသလို ဖြစ်သွား၏။ ကျွန်တော် ရှောင်တိမ်း လိုက်ရင်း နှုတ်မှ လွှတ်ခနဲထွက်သွားသည်။

"ဟယ် တရုတ်မ"

ဟိုအလျင်တုန်းကလို သူ့ ခေါင်းကိုပုတ်ရန် လက်ကို မြှောက်လိုက် သည်။ သို့ရာတွင် မပုတ်ဖြစ်ဘဲ သူ့ကို ကြောင်ကြည့်နေမိ၏၊ တရုတ်မသည် အရင်က စားပွဲတစ်ခုမှတစ်ခုသို့ ကူးပြီး ဆီချက်ခေါက်ဆွဲ လိုက်ပို့စဉ်ကလို မဟုတ်တော့။ ဗကတ်ကလေး တကားကားနှင့် ဟန်ပန်သည် ကွယ်ပျောက် သွားပြီ၊ ထဘီကို ဝတ်လျက် တည်ကြည်သောအပြုံးကို ပြုံးပြသည်။ "ကျွန်မ ဆိုင်လည်း လာစားပါဦး" ဟုပြော၏။ သူ လက်ညှိုးညွှန်ပြရာကို ကြည့်သည်။

'တရုတ်မ ဆီချက်ခေါက်ဆွဲ' ဆိုသော ဆိုင်းဘုတ်ကို တွေ့ရလေသည်။

စားသောက်ဆိုင်တန်းထဲက ထွက်လာသောအခါ သူပြောသည်။

"တို့ ထိုင်နေတုန်းက ဟိုဘက် အကြေးဆိုင်မှာ ထိုင်နေတာ တွေ့တယ်

နတ်သမီး ◆ စာအုပ်တိုက်
PoemsCorner

ခဏကြာမှ သံလေ့ကားအတိုင်း ဖြည်းဖြည်း ဆင်းရသည်။ အပေါ်သို့ တက်လာခဲ့ကြစဉ်က ခင်စန်း ရပ်ကြည့်နေခဲ့သော လှေကားထစ်ဆီသို့ ရောက်လာသည်။ အစွန်းနှစ်ဖက်သည် တည်းတည်းမျှသာ ရှိနေသော်လည်း. . .

"မပြုတ်ပါဘူး၊ မပြုတ်ပါဘူး" ဆိုသော အလုပ်သမားကြီး၏ အသံကို ပဲ့တင်ထပ်မျှ ကြားယောင်လာသည်။

လှေကားပေါ်မှ ပြေးလွှားဆင်းသွားမိသည်။ ကျွန်တော်အောက်ထပ်သို့ ပြန်ရောက်သောအခါ သူ့ကို လုံးဝ မတွေ့ရတော့ချေ။

●

တက္ကသိုလ်ကျောင်းဝင်းအနှံ့ လျှောက်သွားနေမိသည်။ သူနှင့် ပတ်သက်သော နေရာများကို ရောက်တိုင်း လွမ်းဆွေးမှုကို ထပ်ခါတလဲလဲ ခံစားရသည်။

S.17။ ခင်စန်းတို့အတန်း။ ဟာလာဟင်းလင်းဖြစ်နေသော ခုံတန်းလျားများ၊ 'တခြားလူဆို ဒီလောက်တောင် ကြာကြာ လက်ခံစကား မပြောဘူး'။

တရုတ်စကားပုင်။ အုတ်ခုံ။ 'တို့နာမည်ကိုသာ မမေ့ချင် မေ့မယ်၊ ခင်စန်းကိုတော့ မေ့လို့ရမှာ မဟုတ်ပါဘူး'

ညောင်ကြွတ်ပင်။ အချစ်စတင်ခဲ့ရာ နေရာ။ 'မိုးတွေ သဲလာပြီ။ ထီးအောက်ကို လာပါလား'။

ဦးချစ်ဆိုင်။ ငှက်ပျောတော။ 'တစ်ခုခု စားပါလား'။

ကိုအောင်ရင်။ 'လက်ဖက်ရည်တစ်ခွက်'။ တိုးမိုး၊ မြင့်ကောင်း၊ မိုးရာဇာ ညွန့်၊ မောင်မောင်စနေ၊ သားကြီး မောင်ဗေယျ။ 'ဒါက ခင်စန်းလေ'။

A.19။ နောက်ဆုံးယောင့် ခုံတန်းလျား။ 'ကိုယ့်ကို ချစ်ရဲ့လားဟင်'။



PoemsCorner



အင်းလျားကန်။ ဘူးသီးကြော်၊ 'ကိုယ့်လက်မောင်းကို ကိုင်ချင် ကိုင်ထားပါလား'။

ပုဂံလမ်း။ 'အတန်းမရှိဘူးလား'။ 'ဟိုနေ့က ကိစ္စအတွက်'။ 'ကိစ္စမရှိပါဘူး'။

သစ်ပုပ်ပင်။ ဥဩမိသားစု၊

အချိန်တိုင်းပင်
စိတ်၌ ထင်သည်
သခင် ကိုယ်နှင့်အတူတူ၊

●●●

PoemsCorner

